

သုခမိန်လှိုင်

# ရတနာသိုက်

# မှတ်တမ်း

၂၀၀၀ ခုနှစ်တုန်းက အနုပညာအလုပ်တွေ အများကြီးလုပ်ဖြစ်ခဲ့ပါတယ်။ မတ်လထဲမှာ "အစိမ်းရောင်ဘောလုံးအသင်း" ကို ဖွဲ့ဖြစ်ခဲ့ပြီး ဧွန်လထုတ် "ရုပ်ရှင်တေးကဗျာ"မှာ တင်ဆက်ဖြစ်ခဲ့ပါတယ်။ ဧပြီနဲ့ မေလထဲမှာ ပင်လယ်ပန်းချီကားတွေ ရေးဖြစ်ခဲ့ပြီး၊ ဇွန်လ လောကနတ်မှာ "ပင်လယ်စီးခြင်း"ပန်းချီပြပွဲကို တင်ဆက်ဖြစ်ခဲ့ပါတယ်။ ဇွန်လထဲမှာ ပဲ "မိုးမခ"ဂျာနယ်အတွက် "ရတနာသိုက်"ကို အပတ်စဉ် နိုဝင်ဘာလထဲအထိ တင်ဆက်ဖြစ်ခဲ့ပါတယ်။

၄နှစ်အကြာ ၂၀၀၄ မှာ တော့ "ရတနာသိုက်"ကို ဂျူးစာပေမှ စာအုပ်ထုတ်ဝေဖြစ်ခဲ့ပါပြီ။

၂၀၀၀ခုနှစ် မိုးနေ့တွေထဲက ရတနာသိုက်ကို ၂၀၀၄ မိုးနေ့တွေထဲမှ ပြန်လည်ရရှိခဲ့ပုံပါပဲ။

**သုခမိန်လှိုင်**

**၃ စက်တင်ဘာ ၂၀၀၄**

* * *



# ၁

ကမ္ဘာကြီးကို စတင်နေရာချထားကတည်းက “အနုပညာ”က ပါဝင်ပြီးသား။ ကျွန်တော်တို့ က ကိုယ့်နေရာ၊ ကိုယ့်ထောင့်က ပြန်လည်တူးဖော်ကြရုံသာ။

ကောင်းကင်ကြီးကို ထည့်သွင်းပေးထားကတည်းကလည်း ပျံသန်းခြင်းကို စွမ်းဆောင်ဖို့ ပါဝင်ပြီးသားပါ။ ပျံသန်းခြင်းကို စွမ်းဆော

င်နိုင်ပြီဆိုတော့ “ရိုက်” ညီနောင်ပေ့ါ။

မိတ်ဆွေဆရာဝန် စာရေးဆရာကတော့ ပါရာစီတမောကို တွေ့ရှိတီထွင်ထားသူကိုလည်း သိပ္ပံနည်းကျ အနုပညာဖန်တီးသူလို့ မြင်ကြောင်း၊ ပြောဆိုပါတယ်။ နှစ်သက်သဘောကျမိပါတယ်။

ဟုတ်ပါတယ်။ ကမ္ဘာကြီးပေါ်မှာ ကဗျာရှူး၊ စာရှူး၊ ပန်းချီရှူးတွေပဲရှိပြီး မေ့ဆေး၊ ပင်နီစလင်၊ ကလိုရိုဖင်နီကောလ် ဆေးဝါးတွေ တူးဖော်ရှာဖွေဖို့ လူထူးလူဆန်းတွေ မရှိခဲ့ဘူးဆိုရင်လည်း တို့ တွေ အကြီးအကျယ် အကျိုးနည်းကြမှာ ပဲလို့ ချောက်ထဲကို ထိုးမကျဘဲ အောင်မြင်စွာ ခရီးဆက်နိုင်ခဲ့တဲ့ ကားပေါ်က ခရီးသည် တစ်ဦးလို အသည်းတအေးအေး ပြုံးစစတွေးမိပါတယ်။

တူးဖော်ရှာဖွေ တွေ့ရှိကြပြီဆိုတော့ နာမည်တွေ ရေးထိုးကြပေ့ါ။ ကိုလံဘတ်စ်၊ ဂူတင်ဘတ်၊ ဘိုင်ရွန်၊ ရှယ်လီ၊ နဝဒေး၊ နတ်သျှင်နောင်၊ ပီကာဆို၊ မြို့မငြိမ်း၊ ကူရီဆာဝါ၊ ဘော့ဒိုင်လင်၊ ခင်မောင်ရင်။

ကဲ ... အလံကိုင်ပြေးပွဲလို အကျိုးကျေးဇူး ကျေးဇူးတရားတွေ လက်ဆင့်ကမ်းခဲ့ပုံရဲ့ လှပမှုကိုမြင်ရပြီ။ လှပတယ်၊ ကြည်နူးတယ်။ လူ့ဘဝကြီးရဲ့ အရုပ်ဆိုးမှုတွေထဲမှာ ဒီအလှတရားကို ချစ်မြတ်နိုးပြီး ကိုယ်တိုင်ပါဝင်ပေးဖို့ ပဲ ကျန်တော့တယ်။ ဒီထက် ဘာပိုချင် သေးသလဲ။ ( ပိုနိုင်သလောက်ပိုခဲ့ရင်လည်း အနုပညာဖြစ်ပါစေ။)

ဖန်တီးမှုတွေဟာ ကိုယ်က စတင်လိုက်တာ မဟုတ်ဘူး ။ ကမ္ဘာကြီးလို့ စတင်လိုက်ကတည်းက စတင်ပါဝင်ပြီးသားဆိုတာ တွေ့ခဲ့ကြရင် အရသာတွေထံကို ခရီးဆက်ကြရုံပဲ ကျန်တော့တာပေ့ါ။


ကိုယ်တွေ့ရှိသလောက်၊ ရသလောက်ထက် ကမ္ဘာလောကကြီးက ပိုကြီးပိုများ နေလို့ ကျွန်တော်တို့ ဒီတစ်ဘဝအသက်နဲ့ တောင် အချိန်

တွေဟာ မလုံလောက်ဘူးဆိုတာကိုလည်း ခံစားခဲ့ကြရပြီ မဟုတ်လား။

ရတနာသိုက်ကြီးရဲ့ အစကို ကိုယ်ရောက်နေတဲ့ ထောင့်၊ အချိန်ထဲက တင်ဆက်မိပါပြီ။

ဆက်ပါဦးမယ်။

*



## ၂

ရတနာသိုက်ကြီးထဲကို ရောက်လာခဲ့တော့ ရတနာကြီးရဲ့ ဒဏ္ဍာရီပုံပြင်များကိုလည်း နားဆင်ခံစားခဲ့ရပြန်ပါတယ်။


ရတနာသိုက်ကြီးရဲ့ အစနေ့များမှာ လူသား(သူရဲကောင်း) များ သည် ကောင်းကင်ကြီးပေါ်သို့ ပျံသန်း၊ တက်၊ ဆင်း ပြုနိုင်ကြသည် ။ ပင်လယ်ကြီးကိုလည်း ခုန်လွှားဖြတ်ကျော်နိုင်ကြသည် ။ စားသောက်ဖွယ်ရာများ လည်း ပဒေသာပင် သီးကြသည် တဲ့ ၊ နောက်တော့ လူသားများ သည် အပြစ်များကို ကျူးလွန်ကြသဖြင့် ထိုအစွမ်းများ ကွ

ယ်ပျောက်ကာ သီးပင်စားပင်များကိုလည်း ကိုယ်တိုင်ခက်ခဲပင်ပန်းစွာ စိုက်ပျိုးကြရတော့သည် ။ ပျံသန်းရန်၊ ပင်လယ်ဖြတ်ရန် အရာဝတ္ထုများကိုလည်း ပြန်လည်ရှာဖွေ ကြိုးစားကြရတော့သည် တဲ့ ။

ဒီနေ့မှာ တော့ ပုံပြင်ထဲကထွက်ပြီး ပြန်လည်ရှာဖွေ ကြိုးစားပေးခဲ့သူများ ရဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ ခံစားနေကြရပါပြီ။

ကမ္ဘာကြီးထဲမှာ တော့ ဒုက္ခတွေကလည်း ရောက်လျက်ပါပဲ။ လက်ဖက်ရည်တစ်ခွက်ရှိတယ်။ ပန်းချီကားတစ်ချပ်ရှိတယ်။ ဒီထက်ပိုတဲ့ တွေးခေါ်ပိုင်ခွင့်ဟာ ကိုယ့်ခေါင်းထဲမှာ ရှိနေခဲ့တယ်။ ဒီအတွေးအခေါ်တွေကလည်း ပင်လယ်ဖြတ်နိုင်တယ်။ ကောင်းကင်ကြီးပေါ် ပျံသန်း၊ တက်၊ ဆင်းပြုနိုင်တယ်။ ဒီထက်ပိုတဲ့ ကမ္ဘာလူသားများ စွာကိုလည်း အကျိုးကျေးဇူးပြုနိုင်တယ်တဲ့ ။

ရတနာသိုက်ဆိုတာ ကမ္ဘာ့မြေကြီးအောက်မှာ ရှာဖွေတူးယူစရာမလိုဘဲ လူသားများ ရဲ့ ဦးခေါင်းထဲမှာ ထည့်ပေးထားခဲ့တာပါလား။



*